# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၂၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်။

(၁၉၆၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၄ ရက်။)

အောက်ဖေါ်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၆၈ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေကို ပြင်သည့် ဥပဒေ

[၁၉၆၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (၁) ဤဥပဒေကို ၁၉၆၈ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

၂။ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှုအတွက်လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေ၏ အခန်း ၅ အစား၊ အောက်တွင်ဖေါ်ပြသည့် အခန်း ၅ ဖြင့် အစားထိုးလိုက်သည်။

### အခန်း ၅

**ပြစ်ဒဏ်များနှင့် အရေးယူနည်းများ**

၁၃။ မည်သူမဆို အောက်တွင် ဖေါ်ပြသည့် အချက်များကို ပြုလုပ်လျှင် ဤဥပဒေအရ ပြစ်မှုကျူးလွန်သည်မည်၏။

(၁) ဤဥပဒေအရ အစိုးရကပြဋ္ဌာန်းသည့် အချက်များကို ဖေါက်ဖျက်ခြင်းနှင့် ဤကဲ့သို့ ဖေါက်ဖျက်သည်ကို အားပေးခြင်း။

(၂) အစိုးရကပိတ်ပင်ထားသည့် လုပ်ငန်းတရပ်ရပ်ကို လုပ်ကိုင်ခြင်းနှင့် ဤကဲ့သို့ လုပ်ကိုင်သည်ကို အားပေးခြင်း။

(၃) အစိုးရကသာ ဝယ်ယူရောင်းချရန် သတ်မှတ်သော ကုန်ပစ္စည်းများကို ပုဂ္ဂိုလ်တဦးချင်းအနေဖြင့် ပြန်လည်ရောင်းချရန် အလို့ငှါဝယ်ယူခြင်း၊ရယူခြင်း၊ကြိတ်ခွဲပြုပြင်မွမ်းမံခြင်း၊သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်း ပေးခြင်း စသော ကုန်သွယ်ရေး လုပ်ငန်းများကို ပြုလုပ်ခြင်း၊ ဤကဲ့သို့ ပြုလုပ်သည်ကို အားပေးခြင်း။

(၄) အစိုးရကသာ ဝယ်ယူရောင်းချရန် သတ်မှတ်သော ကုန်ပစ္စည်းများကို ပြန်လည်ရောင်းချရန်အလို့ငှါ ဝယ်ယူခြင်း၊ ရယူခြင်း၊ ကြိတ်ခွဲပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊လွှဲပြောင်းပေးခြင်းစသော ကုန်သွယ်ရေးလုပ်ငန်းများကို စည်းရုံး၍သော်၎င်း၊ ပူးပေါင်း၍ သော်၎င်း၊ ပြုလုပ်ခြင်း၊ ဤကဲ့သို့ပြုလုပ်သည်ကို အားပေးခြင်း။

(၅) ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုတွင် အကျိုးဝင်သော ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်ရေး လုပ်ငန်း၊ သိုလှောင်ရေး လုပ်ငန်း၊ ကုန်ပစ္စည်းစစ်ဆေးရေးလုပ်ငန်း၊ ကြိတ်ခွဲပြုပြင်မွမ်းမံရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း စသည့်တို့ကို နှောက်ယှက်ခြင်း၊ ဤကဲ့သို့ နှောက်ယှက်သည်ကို အားပေးခြင်း။

(၆) ပြည်ထောင်စုမြန်မာနိုင်ငံမှ နိုင်ငံခြားတိုင်းပြည်များသို့သော်၎င်း၊ နိုင်ငံခြားတိုင်းပြည်များမှ ပြည်ထောင်စုမြန်မာနိုင်ငံသို့သော်၎င်း ကုန်ပစ္စည်းများ၊ ငွေများစသည့်တို့ကို မတရား ထုတ်ယူခြင်း၊ တင်သွင်းခြင်းနှင့် ဤကဲ့သို့ ပြုလုပ်သည်ကို အားပေးခြင်း။

(၇) အစိုးရက တရားဝင်အဖြစ် ကြေညာထားသော ငွေစက္ကူနှင့် ငွေအကြွေများကိုအတုပြုလုပ်ခြင်း၊၎င်းအတုများကိုသိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သုံးစွဲခြင်း။

အစိုးရကတရားမဝင်ဟုကြေညာထားသော ငွေစက္ကူနှင့်ငွေအကြွေများကို အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သုံးစွဲခြင်း။

နိုင်ငံခြားသုံးငွေများကို အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းဝယ်ဖေါက်ကားခြင်း။

(၈) ပြည်သူပိုင်ပစ္စည်းများနှင့် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၂ တွင် ဖေါ်ပြထားသည့် အများနှင့်သက်ဆိုင်သောပစ္စည်းများကို ဖျက်ဆီးခြင်း၊ ဤကဲ့သို့ ဖျက်ဆီးသည်ကို အားပေးခြင်း။

(၉) အစိုးရကချမှတ်ထားသည့် ပေါ်လစီ၊ လုပ်ငန်းစဉ်နှင့် အစိုးရက လုပ်ကိုင်နေသည့် လုပ်ငန်းတရပ်ရပ်ကို ပျက်စီးအောင်လုပ်ကိုင်ခြင်း၊ ဤကဲ့သို့ လုပ်ကိုင်သည်ကို အားပေးခြင်း။

၁၄။ (၁) မည်သူမဆို ပုဒ်မ ၁၃၊ (၁)၊ (၂)၊ (၃) အရ ပြစ်မှုတခုကို ကျူးလွန်လျှင် အနည်းဆုံး ၆ လ၊ အများဆုံး ၁၀ နှစ် အထိထောင်ဒဏ်၊ သို့မဟုတ် ၎င်းထောင်ဒဏ်နှင့် အများဆုံး ကျပ် ၅,၀၀၀ အထိ ငွေဒဏ်နှစ်ရပ်လုံးကို ခံစေရမည်။

ထို့ပြင် ပြစ်မှုတွင်အကျုံးဝင်သည့် ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

ထို့ပြင်ဘရားခုံးသည် ပြစ်မှုတွင်အကျုံးဝင်သည့်ကုန်ပစ္စည်းများနှင့်ပတ်သက်သော ထုပ်ပိုးထည့်သွင်းသည့် ပစ္စည်းများကိုသော်၎င်း၊ သိုလှောင်ထားသည့် မြေနှင့် အဆောက်အဦကိုသော်၎င်း၊ သယ်ယူမှုဆောင်ရာတွင် အသုံးပြုသည့် တိရစ္ဆာန်၊ ယာဉ်နှင့် ကိရိယာ များကိုသော်၎င်း၊ ပြည်သူပိုင်အဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

(၂) ဤပုဒ်မအရ ပြစ်မှုများကို စီရင်နိုင်ရန် ဒေသ ပြည်သူ့ တရားရုံးများကို အစိုးရကဖြစ်စေ၊ အစိုးရက တာဝန်လွှဲအပ်သောပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းက ဖြစ်စေ၊ အမိန့်ထုတ်ပြန်၍ လိုအပ်သလို ဖွဲ့စည်းပေးရမည်။

(၃) ဒေသပြည်သူ့တရားရုံး၏ စီရင်ချက်ကိုမကျေနပ်လျှင် အယူခံနိုင်ခွင့်ရှိစေရန် အစိုးရက အမိန့်ထုတ်ပြန်၍ အယူခံအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းပေးရမည်။ ၎င်းအယူခံအဖွဲ့များ၏ ဆုံးဖြတ်ချက်သည် အပြီးသတ် အတည်ဖြစ်စေရမည်။

(၄) အယူခံဝင်လိုသူသည် ဒေသ ပြည်သူ့တရားရုံးက စီရင်ချက်ချသော နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံအဖွဲ့သို့ အယူခံလွှာ တင်သွင်းရမည်။

သို့ရာတွင် အစိုးရက တင်သွင်းသော အယူခံမှုများတွင်မူ အယူခံလွှာကို ဒေသပြည်သူ့တရားရုံးက စီရင်ချက် ချသောနေ့မှ ၆ လ အတွင်း တင်သွင်းနိုင်သည်။

(၅) ပုဒ်မခွဲ (၁) အရ၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရသော ကုန်ပစ္စည်းများ၊ ထုပ်ပိုး ထည့်သွင်းသည့် ပစ္စည်းများ၊ သိုလှောင်ထားသည့် မြေနှင့် အဆောက်အဦများ၊ သယ်ယူ မှုဆောင်ရာတွင် အသုံးပြုသည့် တိရစ္ဆာန်၊ ယာဉ်နှင့်ကိရိယာများကို အစိုးရက ဖြစ်စေ၊ အစိုးရက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ထုခွဲနိုင်သည်။

၁၅။ (၁) မည်သူမဆို ပုဒ်မ ၁၃၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉) အရ၊ ပြစ်မှုတခုကို ကျူးလွန်လျှင် အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်၊ အများဆုံးသေဒဏ်အထိ ကျခံစေရမည်။ ထို့ပြင် ၎င်းပိုင်ဆိုင်သည့်ပစ္စည်းနှင့် ငွေများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(၂) ဤပုဒ်မအရ အရေးယူသည့် ကိစ္စတိုင်းတွင် အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ကိုဖြစ်စေ၊ အစိုးရက တာဝန်လွှဲအပ်သောပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်း၏ ကြိုတင်ခွင့်ပြုချက်ကိုဖြစ်စေ၊ ရယူရမည်။

(၃) အစိုးရသည် ဤပုဒ်မအရ အရေးယူသည့် အမှုများကို စစ်ဆေးရန် အထူးခုံရုံးကို ဖွဲ့စည်းပေးရမည်။ အထူးခုံရုံးသည် ဤဥပဒေအရ ပြစ်ဒဏ်ချမှတ်ရမည်။

(၄) ပုဒ်မခွဲ (၁) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရသော ကုန်ပစ္စည်းများ၊ ထုပ်ပိုးထည့်သွင်းသည့် ပစ္စည်းများ၊ သိုလှောင်ထားသည့်မြေနှင့် အဆောက်အဦများ၊ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် တိရစ္ဆာန်၊ ယာဉ်နှင့် ကိရိယာများကို အစိုးရကဖြစ်စေ၊ အစိုးရက တာဝန်လွှဲအပ်သောပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ထုခွဲနိုင်သည်။

၃။ ဤဥပဒေကို မပြဋ္ဌာန်းမီက ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ်တည်းဆောက်မှု အတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေအရ စွဲဆိုထားသည့် အမှုများတွင် ၎င်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက် အရေးယူဆောင်ရွက်ရမည်။

ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်။
(၁၉၆၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၄ ရက်။)

အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီး ကိုကို၊

အတွင်းဝန်၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။